လယ်ဖက်ကျေးရွာ
ပုလောမြို့နယ်၊
မြိတ်ခရိုင်
တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လယ်ဖက်ကျေးရွာ၊ ပုလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၇ပြည့်နှစ်၊ မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	လယ်ဖက်ကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) ငါးလုပ်ငန်း	
	(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍

နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။


မတ်လ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လယ်ဖက်ကျေးရွာ

ပုလောမြို့နယ်


လယ်ဖက်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တောင်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း	မှတ်ချက်
ရာသီဥတု	မုယောမိုးနည်း	မိုးများ	မိုးများ	မိုးများ	မိုးများ	မိုးအသင့်တင့်/နေပူ	ဆောင်းမိုးမရွာနေပူ	ဆောင်းမိုးမရွာနေပူ	ဆောင်းမိုးမရွာ	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	
အလုပ်အကိုင်	စပါးစေ့ဖျော်ခြင်း	စပါးစေ့ဖျော်ခြင်း	စပါးစေ့ဖျော်ခြင်း	စပါးစေ့ဖျော်ခြင်း	စပါးစေ့ဖျော်ခြင်း	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	ဥယျာဉ်	
လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	
အသုံးစရိတ်	သင့်	နည်း	နည်း	နည်း	သင့်	သင့်	များ	များ	များ	များ	များ	များ	
ချေးငွေလိုအပ်မှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	
ဝမ်းစာဖူလုံမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	
သောက်သုံးရေရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	
တိရစ္ဆာန်ရောဂါကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ကျွန်းမာရေး(များနာခြင်း)	မရှိ	သင့်	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
သီးနှံရောဂါကျရောက်မှု	မရှိ	မရှိ	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ပွဲတော်များ	သင်္ကြန်	ရေသွန်းပွဲ	မရှိ	မရှိ	မရှိ	မရှိ	မီးထွန်းပွဲ	ကထိန်ပွဲ	မရှိ	မရှိ	မရှိ	မရှိ	
သဘာဝဘေး အန္တရာယ်ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	

အဖွဲ့အစည်းချိတ်ဆက်မှု ပုံစံ



ဥစ္စာဓနအဆင့် သတ်မှတ်ချက် ပုံစံ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၁၀**	**၃၀**	**၅၀**	**၇၄**

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လယ်ဖက်ကျေးရွာသည် လိပ်သောင်ကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၊၅၈မိနစ်၃၃စက္ကန့် နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၃၈မိနစ်၊ ၃၆စက္ကန့် ကြားတွင်တည်ရှိပြီး အရှေ့ဘက်တွင် ထမင်းမစားကျေးရွာ၊ အနောက်ဘက်တွင် လိပ်သောင် ကျေးရွာ၊ တောင်ဘက်တွင် ကျောက်သင်္ဘောကျေးရွာ၊ မြောက်ဘက်တွင် ဘိုတောင်ဆိပ် ကျေးရွာ တို့နှင့် ထိစပ်လျှက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လယ်ဖက်ကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၉၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၇၀) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ လိပ်သောင် ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၅) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန်မှာ (၉၅)လက်မဖြစ်ပါသည်။ လယ်ဖက်ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့် ကျောက်စရစ်များအား အခြားဒေသများမှ သွားရောက်ဝယ်ယူကြရပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာ ရှားပါးနေပြီး သဘာဝ အပင်မျိုးစိတ်များ ဖြစ်သော (ရှောက်၊ကျာမနီ၊လောက်သေး၊စေးချောက်)စသည့် ဆေးဖက်ဝင် အပင်များပေါက်ရောက် နေပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

လယ်ဖက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၆၄) အိမ်ရှိ ပြီး လူဦးရေစုစု ပေါင်း (၉၅၂) ဦးရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိ သော ကျေးရွာတရွာဖြစ်ပါသည်။ လယ်ဖက်ကျေးရွာတွင် ကျေးရွာ၏ လူမှုရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး ရာများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်း (၈) ခုရှိပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ် ရေးစသည့် ကဏ္ဍများတွင် ဦးဆောင် ဂေါပကအဖွဲ့၊ ကျောင်းအကျိုး တော်ဆောင်အဖွဲ့ စသည့်အဖွဲ့ များနှင့် ပူးပေါင်းဆောင်ရွက်နေကြပါသည်။ နာရေးကိစ္စ ရပ်များအတွက် ကျေးရွာပရဟိတအဖွဲ့မှ လုပ်ဆောင်နေကြပါသည်။

လယ်ဖက်ကျေးရွာ၏ ငွေချေးလုပ်ငန်းများကို ပက်မြန်မာအဖွဲ့အစည်းမှ

ဆောင်ရွက်ပေးလျှက်ရှိပါသည်။ ကျန်းမာရေး၊ငွေကြေး၊လူမှုရေး ကိစ္စများ ပိုမိုတိုးတက် ကောင်းမွန်စေရန် ကျေးရွာအတွင်းရှိ ပရဟိတအဖွဲ့နှင့် ကျေးရွာပြင်ပရှိ ပရဟိတအဖွဲ့တို့ ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်လျှက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

လယ်ဖက်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ (၅၁၃.၅)ဧက၊ လယ်ယာမြေ(၃၁၉)ဧက ရှိပါသည်။ **လယ်ဖက်ကျေးရွာတွင်** ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ (၅)အိမ်ထောင် စု၊ **၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၃၄) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူ လတ် (၂၇) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၂၆)အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံ သီးနှံများ ကို အဓိက အားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၄၃.၉၀%) ခန့်ရှိပါသည်။**

လယ်ဖက်ကျေးရွာတွင် စပါးစိုက်ပျိုး ထုတ်လုပ်မှုတွင် မိုးရေကို အဓိကအားထား စိုက်ပျိုးသော်လည်း ရေမြေရာသီဥတု အနေအထားအပေါ် မူတည်၍ အထွက်နှုန်း အနည်းငယ် အပြောင်းအလဲ ရှိနိုင်ပါသည်။ သွင်းအားစုများ ထည့်သွင်းရန် အလွယ်တကူ ဝယ်ယူရရှိ နိုင်ခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိနိုင်ခြင်း၊ သီးနှံများအား ပွဲစားများထံ အလွယ်တကူရောင်းချနိုင်ခြင်းတို့က စပါးတိုးမြှင့် ထုတ်လုပ်နိုင်ရန် အခြေအနေကောင်းများ ဖြစ်ပါသည်။

လယ်ဖက်ကျေးရွာတွင် စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သော မျိုးကောင်းမျိုးသန့်များ၊ ပိုးမွှားရောဂါ ကာကွယ်ရေး နည်းပညာဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ ချိတ်ဆက်ပြုလုပ်ရန် လိုအပ်နေပါသည်။ လယ်ယာလုပ်ကိုင်သည့်အိမ်ထောင်စုများပြီး လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု နည်းခြင်း ကြောင့် စပါးရိတ်သိမ်းချိန်၌ ကြန့်ကြာမှုများရှိနေပါသဖြင့် စပါးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသောကြောင့် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့်ရောင်းချပေးရန် လိုအပ်နေပါသည်။ ချောင်း/ မြောင်း များ တိမ်ကောနေပြီဖြစ်သဖြင့် (၀/၅)မိုင် တူးဖော်ပေးရန် လိုအပ်နေပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

လယ်ဖက်ကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် အိမ်ထောင်အများစုမှာ ဝက်၊ ကြက်၊ ဘဲ စသည်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူ ကြပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါများ ကျရောက်မှု နည်းပါးသော်လည်း စီးပွားဖြစ်မွေးမြူနိုင်ရန် မျိုးကောင်းမျိုးသန့်များနှင့် မွေးမြူရေး ဆိုင်ရာ နည်း ပညာပေး ရောဂါကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများ ပြလုပ်ပေးနိုင်ပါက ပိုမို အဆင်ပြေပါမည်။

လယ်ဖက်ကျေးရွာတွင် စားကျက်မြေ ရှားပါးပါသည်။ မျိုး ကောင်းမျိုးသန့်များ ဝယ်ယူရန် လက်လှမ်းမီခြင်း၊ သွင်းအားစု များ အလွယ်တကူဝယ်ယူနိုင်ခြင်း၊ ရေအသင့် အတင့်ရှိခြင်း၊ အိမ်ခြံဝင်းအတွင်း မွေးမြူရေးလုပ်ကိုင်ရန် နေရာများ အသင့်အတင့် ရှိခြင်းကလည်း ကျေးရွာရှိ အိမ်ထောင်စုများအတွက် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ဖြစ်ပါသည်။

လယ်ဖက်ကျေးရွာ၏ မွေးမြူရေးကဏ္ဍအတွက် ချေးငွေ အလုံအလောက် မရရှိခြင်း၊ နည်းပညာဝန်ဆောင်မှု မရရှိခြင်းတို့က မွေးမြူရန် အခက်အခဲဖြစ်ပေါသည်။ထို့ကြောင့် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာဝန်ဆောင်များရရှိရန် လိုအပ်နေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

လယ်ဖက်ကျေးရွာတွင် မိရိုးဖလာ လုပ်ငန်းများကိုသာ လုပ်ကိုင်ကြ ပါသည်။ လက်မှုအတတ်ပညာအားနည်းသဖြင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်များ ရှိပါသည်။

လယ်ဖက်ကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး ဝမ်းကျောင်း ပြုနိုင်သော ပညာရပ်တစ်ခုခုကို တက်မြောက်သူ နည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းသောကြောင့် ပိုမိုကောင်းမွန်သော အလုပ်များနှင့် ဝင်ငွေတိုးတက် စေရန်အတွက် အခြားဒေသများနှင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သူ များပြားသဖြင့် ကျွမ်းကျင်လုပ်သား ရှားပါးခြင်း စသည်တို့ ကြုံတွေ့နေရပါသည်။ထို့ကြောင့် အသက်မွေး ဝမ်းကျောင်း သင်တန်းများ (ဆိုင်ကယ်ပြင်၊ စက်ပြင်၊ အပ်ချုပ်စက်၊ အလှပြင်၊ မုန့်လုပ်၊ လက်သမား ၊ပန်းရံ) များ ဖွင့်လှစ်ပေးရန် လိုအပ်နေပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်ဖက်ကျေးရွာတွင်လယ်စိုက်ပျိုးသူများသည် သီးနှံထွက်ရှိချိန်တွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည် ပေးဆပ်ရသည့် ချေးငွေကို ရရှိပါသည်။ Pact Myanmarအဖွဲ့မှ ချေးငွေမှာ ပိုင်ဆိုင်မှုပြမှသာ ချေးငွေ ရရှိသဖြင့် လက်လုပ်လက်စား များအတွက် ချေးငွေရရှိရန် ခက်ခဲနေပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာပြီး မြစိမ်း ရောင်ချေးငွေစီမံကိန်း ချေးငွေရရှိမည်ဆိုပါက ကျေးရွာအတွင်း စီးပွါးရေး ကောင်းမွန် လာမည်ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

လယ်ဖက်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်များ အသုံးပြုမှုမှာ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ထော်လာကျီ၊ ကားများကိုသာ အများဆုံးအသုံးပြုကြပါသည်။ စက်ဘီးစီး ရေမှာ(၂၉)စီး ၊ဆိုင်ကယ်(၇၀)စီး၊ သုံးဘီး/ထော်လာကျီ(၂)စီး၊ မော်တော်ကား (၅)စီး၊ ရှိပြီး ရွာ၏သယ်ယူ ပို့ဆောင်ရေး တွင် အဓိက အသုံးပြုကြပါသည်။

လယ်ဖက်ကျေးရွာတွင် ချဉ်းကပ်လမ်း (၃.၁)မိုင်မှာ မြေသားလမ်းကြမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊လမ်းချော်ခြင်းတို့ကြောင့် လူမှုရေး၊ စီးပွားရေးတို့အတွက် အခက်အခဲဖြစ်နေသည့်အတွက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင်ရန် လိုအပ်နေပါသည်။ ရွာတွင်းမြေသားလမ်း(၆၆၀ပေ-၁၂ပေ-၄လက်မ)မှာ ရွံ့ဗွက်ထခြင်း၊ ရေအိုင်များ ဖြစ်နေခြင်းကြောင့် သံဃာများ ဆွမ်းခံကြွခြင်း၊ကျောင်းသူ/သားများ သွားလာရခက်ခဲခြင်းကြောင့် ကွန်ကရစ်လမ်းလမ်းအဖြစ် အဆင့်မြင့်တင်ရန် အထူးလိုအပ် နေပါသည်။လယ်ဖက်-ကျောက်သင်္ဘော ကျေးရွာချင်းဆက်လမ်း (၁.၇)မိုင် / လယ်ဖက်-ဘိုတောင် ဆိပ် ကျေးရွာချင်းဆက်လမ်း(၀.၆)မိုင်/ လယ်ဖက်-လိပ်သောင်ကျေးရွာချင်း ဆက်လမ်း(၀.၇)မိုင် တို့မှာ ကုန်စည်ကူးသန်းမှုများ ပြုလုပ်နေခြင်းကြောင့် ကျောက်ချော လမ်းအဖြစ် ပြုပြင် တည်ဆောက်ရန် လိုအပ်နေပါသည်။

လယ်ဖက်ကျေးရွာတွင် ရေပြွန်(၃)စင်း၊ကွန်ကရစ်တံတား (၁၅)ပေ (၁)စင်း၊ (၁၀)ပေ (၁)စင်း ပြန်လည်တည်ဆောက်ရန် လိုအပ်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

လယ်ဖက်ကျေးရွာတွင် ဆိုလာမီးနှင့် ဒီဇယ်အင်ဂျင်မီးတို့ကို အသုံးပြုကြပါသည်။ စီးပွားရေးမပြေလည်သော အိမ်ထောင်စုများမှာ မီးခွက်၊ ဖယောင်းတိုင်များဖြင့်

အသုံးပြုကြပါသည်။ (၂၄)နာရီမီး ရောက်ရှိရန် အလှမ်းဝေးသဖြင့် Solar Mini-Grid စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ကျေးရွာတရွာလုံး မီးလင်း၍ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင် ရွက်လာနိုင် မည်ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

လယ်ဖက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၁၁၂) လုံး၊ တီဗွီ(၈၆)လုံး၊ဂြိုလ်တုစလောင်း(၄၀)စသည်တို့မှ ရရှိ ပါသည်။ လယ်ဖက်ကျေးရွာ တွင် တာဝါတိုင် မရှိသဖြင့် ဖုန်းလိုင်းအား မကောင်းပါ။ သဘာဝဘေး အန္တရာယ်လျှော့ချရေး အစီအစဉ်များ ပြင်ဆင်ထားမှုများ မရှိကြသဖြင့် သဘာဝဘေးအန္တရာယ် တစ်ခုခု ကျရောက်လာပါက အခက်ကြုံရနိုင်ပါသဖြင့် ဟောပြောပွဲများ ၊သင်တန်းများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၆။ ပညာရေး

လယ်ဖက်ကျေးရွာတွင် ကျောင်းသူ/သား (၁၈၉)ဦး ပညာသင်ကြား နေကြပါသည်။ လယ်ဖက်ကျေးရွာတွင် အ.မ.က-မူလွန်ကျောင်းတွင် ကျောင်းဆောင်(၆၀ပေ-၃၀ပေ) (၁)ဆောင် တည်ဆောက်ရန် လိုအပ်နေပါသည်။ ကျောင်းသား/ သူများ ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေး ကျောင်းခြံစည်းရိုး ကာရံရန် လိုအပ်နေပါသည်။ ကျောင်းသား/သူ များပြားလာခြင်းနှင့် အိမ်သာမလုံလောက်သည့်အတွက် (၄)ခန်းတွဲ (၁)လုံး တည်ဆောက် ရန် လိုအပ်နေပါသည်။ မူလတန်း ပညာ သင်ကြားရသော ကလေးများအတွက် အဆင်ပြေစွာ ကျောင်းတက်နိုင်ပြီး အစိုးရခန့် ဆရာ(၁)ဦး၊ ဆရာမ (၁၁) ဦးမှ ပညာသင်ကြားပေးနေ ပါသည်။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပညာရေးကို (၃.၁) မိုင်ခန့် သာဝေးသော ထမင်းမစားကျေးရွာ ရှိ အလယ်တန်းကျောင်းသို့ သွားရောက် သင်ကြားရ ပါသည်။ အထက်တန်း ပညာရေးကို ပုလောမြို့တွင် ဘော်ဒါ နေကြပါသည်။

လယ်ဖက်ကျေးရွာတွင် စာမတတ်သူ ဦးရေ(၁.၁၀%)ရှိပြီး ကျေးရွာလူဦးရေ၏ (၇၁.၇၄%) မှာ မူလတန်းအဆင့် ပညာရေးသာ ပြီးမြောက်မှု ရှိကြပြီး၊ အလယ်တန်း အဆင့်အထိ တတ်မြောက်သူ (၇.၈၈%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၃.၉၉%)၊

တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေမှာလည်း(၁.၃၇%) အထိ ရှိပြီး အတန်းပညာ တတ်မြောက်မှုတိုးတက်လာသောကြောင့် အနာဂတ်ကာလ ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်း များတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာကြပါမည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

လယ်ဖက်ကျေးရွာ၏ အဖြစ်များသော ရောဂါများမှာ ရာသီအလိုက် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကျန်းမာရေး ဗဟုသုတ နည်းပါးခြင်းကြောင့် အနည်းငယ်ဖြစ်ပွါးလေ့ရှိပါသည်။ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အသည်းရောဂါ (ဘီ၊ စီ) စသည်တို့လည်း ဖြစ်ပွားမှု အနည်းငယ်ဖြစ်ပွားလျက်ရှိပါသည်။ လယ်ဖက်ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိပါ။ ထမင်းမစား ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲမှ ဆရာမများမှ ကာကွယ်ဆေးများအား ကျေးရွာအရောက် နှစ်စဉ် နှစ်တိုင်း လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးနှံပေးခဲ့ပါသည်။

လယ်ဖက်ကျေးရွာနှင့် (၃.၁)မိုင် ထမင်းမစားကျေးရွာရှိ ကျေးလက်ကျန်း မာရေးဌာန(ခွဲ) တွင် ကလေးမီးဖွားခြင်းနှင့် သာမန်ရောဂါများကို ကုသနိုင်ပါသည်။ အရေးပေါ်လူနာများကို ပလောက်တိုက်နယ်ဆေးရုံနှင့် ပုလောမြို့နယ် ပြည်သူ့ ဆေးရုံတို့တွင် ကုသကြပါသည်။ ကျေးရွာအတွက် ကျန်းမာရေးကဏ္ဍတိုးတက်လာစေရန်နှင့် လုပ်ဆောင် သင့်သည် များမှာ ကျေးလက်ကျန်းမာရေးဆေးပေးခန်း တခုထားရှိရန်နှင့် ကျန်းမာရေး ဝန်ထမ်း(၁)ဦး ခန့်ထားခြင်းနှင့် ကျန်းမားရေးအသိပညာပေးဟောပြောပွဲများ အခါအား လျော်စွာ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

လယ်ဖက်ကျေးရွာတွင် ရေတွင်း ၊စိမ့်စမ်းရေတို့မှ သောက်သုံးရေတို့ကို သုံးစွဲနိုင် ပါသည်။

လယ်ဖက်ကျေးရွာတွင် ရေလောင်း/ယင်လုံအိမ်သာများ သုံးစွဲမှု နည်းပြီး ကျင်းအိမ်သာ၊ တောထိုင်သုံးစွဲသူများသည် အသိပညာအားနည်းခြင်းနှင့် ငွေကြေးမတတ်နိုင် သောကြောင့်ဖြစ်ပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လယ်ဖက်ကျေးရွာ၏ မြေဆီမြေဩဇာမှာ ယခုချိန်တွင် အသင့်အတင့် ကောင်းမွန်သော်လည်း ဓာတုမြေဩဇာထည့်သွင်းထည့်ခြင်းကြောင့် နောင်တချိန်တွင်

မြေဆီလွှာပျက်စီးမှုများကြုံနိုင်ပါသည်။စပါးတွင် ဖျက်ပိုးရောဂါကျရောက်မှုရှိသော်လည်း ထိန်းချုပ် နိုင်မှုများ လိုအပ်နေဆဲဖြစ်ပါသည်။ကျွဲ၊နွားများရှားပါးလာပြီးစွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်း၊ သစ်ပင်ရင်းပုံခြင်းကဲ့သို့ အလေ့အကျင့်ကောင်းများရှိသော်လည်း တရွာလုံး ပြုလုပ်ခြင်း မရှိသေးပါ။ ထို့ကြောင့် ကျေးရွာစွန့်ပစ်အမှိုက်စနစ်တကျ စီမံခန့်ခွဲနိုင်ရေး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်နေ ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

လယ်ဖက်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းပြီး ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသဖြင့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

No.	Sector	Subsector	Project Keyword	Project & Activities	Remark
စဉ်	ကဏ္ဍ	ကဏ္ဍခွဲ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်း (၁) ဖာလုံအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း	ပထမ
၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	လယ်ဖက်-ထမင်းမစားလမ်း (၃.၁) မိုင်အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း	ဒုတိယ
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	လယ်ဖက်-ကျောက်သင်္ဘောလမ်း (၁.၇) မိုင်အား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း	တတိယ
၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	ရေပြွန် (၃) လုံး၊ (၁၀) ပေ နှင့် (၁၅) ပေ တံတား များ တည်ဆောက်ခြင်း	
၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	လယ်ဖက်-ဘိုတောင်ဆိပ် (၀.၆) မိုင်အား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း	

၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	လယ်ဖက်-လိပ်သောင် (၀.၇) မိုင်အား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း	
၇	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု /ကျေးလက် ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်း	ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း	
၈	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု /ကျေးလက် ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်း	အမြဲတမ်း ကျန်းမာရေး ဝန်ထမ်း ရရှိရန် တင်ပြခြင်း	
၉	ကျန်းမာရေး	ကျန်းမာရေးအသိပညာပေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်း	ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပုံမှန် ပြုလုပ်ခြင်း	
၁၀	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းဆောင်သစ် (၃၀ပေ-၆၀ပေ) တစ်ဆောင် လိုအပ်ခြင်း	
၁၁	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	လေးခန်းတွဲ အိမ်သာ (၁) လုံး လိုအပ်ခြင်း	
၁၂	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းခြံစည်းရိုး ကာရန်ခြင်း	
၁၃	စိုက်ပျိုးရေး	လယ်ယာမြေပိုင်ဆိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့်	မြေ	ချောင်းကောမြောင်းကော တူးဖော်ခြင်း (၅ ဖာလုံ)	

		လယ်ယာမေ			
၁၄	စိုက်ပျိုးရေး	စိုက်ပျိုးရေး နည်းပညာ	နည်းပညာ	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ သင်တန်းများ ပြုလုပ်ပေးခြင်း	
၁၅	စိုက်ပျိုးရေး	လယ်ယာလုပ်ငန်းသုံးစက်ကိရိယာနှင့် စက်မှလယ်ယာ	စက်	လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူခွင့်ရရှိရန် ချိတ်ဆက်ခြင်း	
၁၆	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	မွေးမြူရေးနှင့် ကုသရေးပညာပေး၊ နည်း ပညာ ပြန့်ပွားရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်များ ရရှိရန်နှင့် ထုတ်လုပ်သည့် နည်းပညာများ လိုအပ်ခြင်း	
၁၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	တိရိစ္ဆာန် မွေးမြူရေး	ဝက်မျိုးကောင်းမျိုးသန့်များ ရရှိရန် ချိတ်ဆက်ခြင်း	
၁၈	လျှပ်စစ်	အခြားနည်းစနစ်များဖြင့် မီးလင်းစေရေး	အခြားနည်းစနစ်များဖြင့် မီးလင်းစေရေး	မွေးမြူရေးဆိုင်ရာ နည်းပညာ၊ ရောဂါကာကွယ်နည်းများ သင်တန်း ပြုလုပ်ပေးခြင်း	
၁၉	လူငယ်နှင့်အားကစား	လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး	အမျိုးသမီး	အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများ ရရှိရန် ချိတ်ဆက်ခြင်း	
၂၀	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်း	အခြား ထုတ်ကုန်လုပ်ငန်းများ၊ အသေးစား အလတ်စား နှင့်	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသက်မွေးဝမ်းကျောင်း သင်တန်းများ (ဆိုင်ကယ်ပြင်၊ စက်ပြင်၊ အပ်ချုပ်စက်၊ အလှပြင်၊ မုန့်လုပ်၊ လက်သမား၊ပန်းရံ)	

	များဆိုင်ရာ	အကြီးစား လုပ်ငန်း ဆိုင်ရာများ		ပြုလုပ်ပေးခြင်း	
၂၁	လူငယ်နှင့် အားကစား	အားကစားနှင်ကာယပညာရပ် ဆိုင်ရာ၊အားကစားကွင်း၊ အားကစားပစ္စည်း	အားကစား	ကျေးရွာ ဘောလုံးကွင်း တည်ဆောက်ခြင်း	
၂၂	လူငယ်နှင့်အားကစား	လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး	လူငယ်အခွင့်အလမ်း	ကျေးရွာ စာကြည့်တိုက် တည်ဆောက်ခြင်း	
၂၃	သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်	အသိပညာပေးဆွေးနွေးပွဲ	သဘာဝဘေး လျှော့ချရေး:	သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ အသိပညာ ပေးဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း	
၂၄	လျှပ်စစ်	အခြားနည်းစနစ်များဖြင့် မီးလင်းစေရေး	အခြားနည်းစနစ်များဖြင့် မီးလင်းစေရေး	အိမ်တိုင်းစေ့(၂၄)နာရီမီးရရှိရေး တင်ပြခြင်း	
၂၅	လူငယ်နှင့်အားကစား	လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး	အမျိုးသမီး	အမျိုးသမီးများ၏အခွင့်အရေးဆိုင်ရာတရား ဥပဒေအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း	

လယ်ဖက်ကျေးရွာ၊ လိပ်သောင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသောင်းမြင့်	ဦးထူးတင်	ဖ/ပလန(နိုင်)၀၅၄၉၅၀	၄၈	နာယက	-
၂	ဦးတင်ဝင်း	ဦးအောင်စိန်	ဖ/ပလန(နိုင်)၀၂၂၂၃ဖ	၅ဖ	ရပ်မိရပ်ဖ	-
၃	ဦးမြင့်သောင်း	ဦးဖေသွယ်	ဖ/ပလန(နိုင်)၀၇၅၀၈၄	၅၁	ရပ်မိရပ်ဖ	-
၄	ဦးတင်စိုး	ဦးလူကျင်	ဖ/ပလန(နိုင်)၁၀၈၄၄၃	၅ဖ	ရပ်မိရပ်ဖ	-
၅	ဦးအေးလွင်	ဦးထူးသင်	ဖ/ပလန(နိုင်)၀၈၈၂၃ဖ	၅၃	ဥက္ကဋ္ဌ	09452041753
၆	ဦးဘသန်း	ဦးဘစိန်	ဖ/ပလန(နိုင်)၀၅၁၃၂၃	၆၀	အတွင်းရေးမှူး	09666042337
၇	ဦးအောင်မျိုး	ဦးအိုပိန်	ဖ/ပလန(နိုင်)၀၆၁၉၅၇	၄၂	ဘဏ္ဍာရေးမှူး	-
၈	ဦးထွန်းကြွယ်	ဦးစိန်ညာဏ်	ဖ/ပလန(နိုင်)၀၅၁၃၂ဖ	၆၂	စာရင်းကိုင်	-
၉	ဦးရန်နိုင်စိုးဝင်း	ဦးသိန်းဝင်း	ဖ/ပလန(နိုင်)၁၁၄၃၅ဖ	၁၈	စာရင်စစ်	-
၁၀	ဒေါ်မိုးမိုးစံ	ဦးသက်တင်	ဖ/ပလန(နိုင်)၁၁၁၉၃၀	၁၈	အဖွဲ့ဝင်	-
၁၁	ဦးဝင်းဝင်းကို	ဦးလှသိန်း	ဖ/ပလန(နိုင်)၀၄၃၀၂၁	၄၂	အဖွဲ့ဝင်	-
၁၂	ဦးမြင့်စိုး	ဦးလှဖေ	ဖ/ပလန(နိုင်)၀၂၂၄၈၀	၅၄	အဖွဲ့ဝင်	0949251857
၁၃	ဦးမောင်ဝင်း	ဦးဝဏ္ဏ	ဖ/ပလန(နိုင်)၀၅၁၂၈၅	၅၈	အဖွဲ့ဝင်	-
၁၄	ဦးစိုးအောင်	ဦးကျော်သန်း	ဖ/ပလန(နိုင်)၀၇ဖ၃၈၁	၃၃	အဖွဲ့ဝင်	-
၁၅	ဦးသိန်းလွင်	ဦးမြရှိ	ဖ/ပလန(နိုင်)၀၂၁၅၀ဖ	၄၈	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၄	၁၀
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၂၂	၃၃	၅၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၈	၃၁	၅၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၅	၅၄	၁၁၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၃၃	၃၂၇	၆၆၀
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၄	၂၅	၄၉
စုစုပေါင်း		**၄၇၈**	**၄၇၄**	**၉၅၂**
စုစုပေါင်း အိမ်ထောင်စု		**၁၆၄**		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လယ်ဖက်ကျေးရွာတွင် အဓိကအားဖြင့် ဗမာလူမျိုးများ နေထိုင်ကြပြီး အိမ်ထောင်စု (၁၆၄) စု၊ လူဦးရေ (၉၅၂) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၀၅%)၊ ငါးနှစ်အောက် ကလေးငယ်အရွယ် (၅.၇၈%)၊ မူလတန်းကျောင်းသား အရွယ် (၆.၂၀%)၊ အလယ်တန်းကျောင်းသား အရွယ် (၁၂.၅%)၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၁၄%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၀.၆၇)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၃၃၃) ဦး၊ မ (၃၂၇) ဦး စုစုပေါင်း (၆၆၀) ဦးရှိပြီး တစ်ရွာ လုံးလူဦးရေ၏ (၆၉.၃၂)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၈၀) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် ပိုများနေပါ သည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လူသားအရင်းအမြစ် ကောင်း များအဖြစ် ထောက်ပံ့မှု ရရှိနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိကဝင်ငွေရလုပ်ငန	ရပ်တည်နိုင်မှု

		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	နှုန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၇	၈၇	၅၂	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂၈	၄၅	၃၀	မြင့်□လတ်□နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၅	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၇	၁၉	၁၃	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၀	၂၀	မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်္ဂါချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	–		၁၂	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၉	၉	၅	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၁	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၃	၃	၁၀	မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂၆	၄၈	၁၈၂	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၁၆၄	၂၂၅	၃၃၁	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု"**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်ဖက်ကျေးရွာတွင် လယ်နှင့် ရော်ဘာခြံများကို ဦးစားပေး စိုက်ပျိုးလုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ်လုပ်သားများအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပါသည်။ တိရစ္ဆာန်မွေးမြူရေးကို စီးပွားဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပြီး တစ်ပိုင်တစ်နိုင်အဖြစ် မွေးမြူနေကြသူများလည်း ရှိပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမများအဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပ နိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါသည်။

ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၈၀၀၀	၅၀၀၀	၇၀၀၀	၄၀၀၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လု	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၉၀၀၀	–	၇၀၀၀	–
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၃၀၀၀	၄၀၀၀	၂၅၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆိပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	၉၀၀၀	-	၅၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လယ်ဖက်ကျေးရွာတွင် လယ်ယာလုပ်ငန်းနှင့် ဥယျာဉ်ခြံလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ဆောက်လုပ်ရေးလုပ်ငန်းများ၊ အကြမ်းအလုပ် များ၌ ဝင်ငွေရရှိမှုများစွာ မကွာခြားသော်လည်း လုပ်ငန်းကျွမ်းကျင်မှုအပေါ် အခြေခံ၍ လုပ်ကိုင်ရ သည့် အလုပ်များတွင်မူ ကျား/မ ဝင်ငွေရရှိမှုများစွာ ကွာခြားပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၁၉	ကောင်း ☐	သင့်Â	ညံ့ ☐
ယာမြေ / တောင်ယာမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၅၁၃.၅	ကောင်း ☐	သင့်Â	ညံ့ ☐
ကိုင်း/ကျွန်းမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	–	ကောင်း ☐	သင့်္ဂ်☐	ညံ့ ☐
မြေလွတ် မြေလပ်	–	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၈၃၂.၅**	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လယ်ဖက်ကျေးရွာ၏ လယ်မြေနှင့် ဥယျာဉ်ခြံမြေများ၏ မြေဆီလွှာထက်သန်မှုမှာ အသင့်အတင့်သာရှိ၍ စပါးနှင့်အခြားသီးနှံများထုတ်လုပ်မှုတွင် အထွက်နှုန်းတိုးတက်လာစေရန် စိုက်ပျိုးနည်းစနစ်များ၊ မြေဆီဩဇာ အဆင့်အတန်း ကောင်းမွန်လာစေရန် လိုက်နာရမည့် နည်းစနစ်များ ကျင့်သုံးရန် လိုအပ်နေပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိÂ	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ Â
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☐ မရှိÂ	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ Â
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များÂ သင့်☐ နည်း☐ မရှိ☐	လွယ်Â ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိÂ	☒

ရင်းမြစ်..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ လယ်ဖက်ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့် ကျောက်စရစ်များအား အခြားဒေသများမှ သွားရောက်ဝယ်ယူကြရပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာ ရှားပါးနေပြီး သဘာဝ အပင်မျိုးစိတ်များ ဖြစ်သော (ရှောက်၊ဂျာမနီ၊လောက်သေး၊စေးချောက်)စသည့် ဆေးဖက်ဝင် အပင်များပေါက်ရောက်နေပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၁၀**	**၃၀**	**၅၀**	**၇၄**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ လယ်ဖက်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၆.၁၀%)၊ အလယ်အလတ်အိမ်ထောင်စုမှာ (၁၈.၂၉%) ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေး၊ငါးဖမ်းလုပ်ငန်းနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ထိုအိမ်ထောင်စု များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်ပါလိမ့်မည်။ မပြေလည် သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများ သည် လယ်နှင့်သက်ဆိုင်သော ရာသီအလိုက် လုပ်ငန်းများ နှင့် ရော်ဘာအစေး ခြစ်သည့် လုပ်ငန်းခွင်များတွင် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	**အိမ်ထောင်စု အရေအတွက်**	**ဖြေရှင်းသည့်နည်းဗျူဟာ**(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၀	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၈_____ လုပ်အားခကြိုယူ = ___၂_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၀	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		အထောက်အပံ့ယူ = _____ ချေးယူ = ____၉_____ လုပ်အားခကြိုယူ = ____၁_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၃	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၂_____ လုပ်အားခကြိုယူ = ____၁_____

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လယ်ဖက်ကျေးရွာတွင် ဥစ္စာခနအဆင့်(၃)နှင့်(၄) အိမ်ထောင်စု စုစုပေါင်း၏(၃၀%) စစ်တမ်းကောက်ယူမှုအရ (၃)လအောက် ဝမ်းစာဖူလုံမှုမှာ အိမ်ထောင်စု (၄၃.၄၈%)မှာချေးယူပြီး မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းကြပါသည်။ (၃လ)နှင့် (၆)လကြား ဝမ်းစာဖူလုံမှု အိမ်ထောင်စု(၄၃.၄၈%)မှာ မိသားစုစားဝတ်နေရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးအတွက် ချေးငှါးကြပါသည်။(၆)လနှင့်(၁၂)လအထက် ဝမ်းစာဖူလုံမှု အိမ်ထောင်စုမှာ (၁၃.၀၄)%မှာ မိသားစုစားဝတ်နေရေး၊ ကျန်းမာရေး၊အလုပ်အကိုင်ရရှိရေးအတွက် ချေးငှါးကြပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	_		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လယ်ဖက်ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် Â	လတ် ☐	နိမ့် ☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် Â	နိမ့် ☐	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်Â	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် Â	နိမ့် ☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် Â	နိမ့်☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ Â
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ Â
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် Â	နိမ့် ☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ Â
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် Â	နိမ့် ☐	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လယ်ဖက်ကျေးရွာတွင် (လယ်ယာဥယျာဉ်)တို့ စိုက်ပျိုးသော ကြောင့် အများအားဖြင့် စားရိက္ခာဖူလုံပါသည်။ လုပ်ကိုင်စားသောက်နိုင်သော လယ်၊ ဥယျာဉ်ခြံမြေများ အသင့်အတင့် ရှိသဖြင့် ကျပန်းလုပ်ကိုင်သော မိသားစုများမှ အဆိုပါ လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိပါသည်။ ရာသီဥတုမှာလည်း အသင့်အတင့် မျှတသော အခြေအနေသာ ဖြစ်ပါသည်။ သစ်တောပြုန်းတီးမှုအနည်းငယ် ရှိနေပြီး ကျေးရွာအတွင်းတွင် တီဘီရောဂါ၊ ၄က်ဖျားရောဂါ ရှိသူ အနည်းငယ်လည်း ရှိပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □ လတ် □ နိမ့်Â မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □ လတ် □ နိမ့်Â မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □ လတ် □ နိမ့်Â မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု	မြင့် □ လတ် □ နိမ့်Â မရှိ □
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □ လတ် □ နိမ့်Â မရှိ □
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်Â မရှိ □
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □ လတ် Â နိမ့် မရှိ □
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၉	ငါးကန်ပိုင်ရှင်များ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □ လတ် Â နိမ့်□ မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၅	ဆေးစွဲသူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □ လတ် □ နိမ့်□ မရှိ Â
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် Â လတ် □ နိမ့်□ မရှိ □
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □ လတ် □ နိမ့်Â မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လယ်ဖက်ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှု တခုခုဖြစ်ပါက ပြောင်းရွှေ့နေထိုင်သူများ ၊ရွှေ့ပြောင်းလုပ်သားများ ၊လက်လုပ်လက်စားများအတွက် ထိခိုက်မှု ပိုများနိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁Â ၂Â ၃Â	၈	-	၈	ပညာရေး Â ငွေကြေး Â ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး Â သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကောင်း □ သင့် Â ညံ့ □
၂	ဆယ်အိမ်ခေါင်း	၁□ ၂Â ၃Â	၁၅	-	၁၅	ပညာရေး Â ငွေကြေး Â ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး Â သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကောင်း □ သင့် Â ညံ့ □
